သို့

ဥက္ကဋ္ဌ

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကော်မတီ

ပြည်သူ့လွှတ်တော်

နေပြည်တော်။

ရက်စွဲ ။ ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ၊ ( ၁၀ )ရက်။

**အကြောင်းအရာ ။** ။ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူမျိုးများနှင့် မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ – ခုနှစ်)

**ရည်ညွှန်းချက် ။** ။ (၁) ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ၊ (၂၂)ရက်နေ့စွဲဖြင့် '' ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ တိုင်းရင်းသားများ၏ သမိုင်းအကြောင်းတစ်စေ့တစ်စောင်း '' စာတမ်း

(၂) ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ၊ (၂၇)ရက်နေ့စွဲဖြင့် တင်ပြခဲ့သော '' ရခိုင်ပြည်နယ် မောင်တောခရိုင်၏ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များ '' စာတမ်း

**လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား------**

ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူမျိုးများနှင့် ၄င်းတို့၏ ဘိုးဘေးဘီဘင်များသည် လွန်ခဲ့သောနှစ်ပေါင်း (၁၀၀၀) ကျော်ကတည်းက မြန်မာဘုရင်ခေတ်အဆက်ဆက်မှ ယနေ့အချိန်အထိ ပင်ရင်း နိုင်ငံအဖြစ် မှီတင်းနေထိုင်ကြပြီး တိုင်းရင်းသားများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေသော ရည်ညွှန်းချက် (၁)ပါ စာတမ်းကို ဥက္ကဋ္ဌကြီးထံသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ရည်ညွှန်းချက် (၂)ပါ စာတမ်းတွင်လည်း မောင်တောခရိုင် လက်ရှိအခြေအနေများနှင့် ကန့်သတ်ချုပ်ချယ်မှုများ၏ ပြဿနာအရင်းခံမှာ ယနေ့ထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်မပေးသည့်ကိစ္စဖြစ်ကြောင်းကိုလည်း သုံးသပ်တင်ပြခဲ့ပါသည်။

ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူမျိုး များအားလုံး ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကော်မတီ၏ အရေးယူဆောင်ရွက်မှုများကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြပါသည်။ ကျွန်တော်တို့အနေနှင့်လည်း ဥက္ကဋ္ဌကြီးမှ ကျွန်တော်တို့၏ နိုင်ငံသား အခွင့်အရေးနှင့် လူ့အခွင့်အရေးကိစ္စများကို အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြောင်း သိရှိရပါသဖြင့် အတိုင်းအဆမရှိ ဝမ်းသာပီတိဖြစ်မိပါသည်။

(၃) နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့သူ ဦးဘဆွေ၏ ၁၉၅၉ခုနှစ်၊ နိဝင်ဘာလ (၃) ရက်နှင့် (၄)ရက်နေ့များတွင် ဘူးသီးတောင်နှင့် မောင်တောလူထုအစည်းအဝေးများ၌ ဟောပြောခဲ့သော မိန့်ခွန်းမှာ ရိုဟင်ဂျာများသည် ကချင်၊ ကရင်၊ ကယား၊ ရှမ်း၊ မွန်၊ ချင်း၊ ရခိုင်ကဲ့သို့ တိုင်းရင်းသား လူမျိုးစုတစ်စု ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

(၄) နိုင်ငံတော်ဝန်ကြီးချုပ်လက်အောက်နယ်ခြားဒေသအုပ်ချုပ်ရေးရုံး ကြေငြာချက်(ရက်စွဲ ၂၀-၁၁-၆၁)တွင် မေယုဒေသအတွင်းနေထိုင်ကြသူများသည် တိုင်းရင်းသားရိုဟင်ဂျာလူမျိုးများဖြစ်ကြောင်းပါရှိသည်။
မှတ်ချက်။ ။ ထိုစဉ်က မေယုဒေသဆိုသည်မှာ ယခု မောင်တောခရိုင်ကို ဆိုလိုခြင်းဖြစ်ပါသည်။

(၅) ၁၉၆၁ခုနှစ်၊ မေလ၊ ၁၅ရက်နေ့မှစ၍ ၁၉၆၅ခု၊ မတ်လအထိ မြန်မာ့အသံ တိုင်းရင်းသားလူမျိုးများ ဘာသာ စကားအစီအစဉ်တွင် တစ်ပတ်လျှင် ( ၁၀ )မိနစ်ကျစီ (၃)ကြိမ်၊ ညနေ ၅း၃၀နာရီတွင် ရိုဟင်ဂျာဘာသာစကားဖြင့် အသံလွှင့်ပေးခဲ့ပါသည်။( နှစ်သုံးဆယ် မြန်မာ့အသံ - ဦးကျော်မြင့်၊ မာတလိ )

(၆) စာပေဗိမာန်ထုတ် မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၉၊ စာမျက်နှာ ''၈၉-၉၀'' တွင် ၁၉၆၄ ခုနှစ်တွင် ရခိုင်တိုင်းမြောက်ပိုင်း မေယုခရိုင်တွင် လူဦးရေ (၅၀၀၀၀၀)ငါးသိန်းခန့်ရှိပြီး ၇၅%သည် ရိုဟင်ဂျာ လူမျိုးများဖြစ်ကြသည် .... ဟူ၍ အကျယ်တစ်ဝန်း ရေးသားဖော်ပြထားပါသည်။

(၇) ကာကွယ်ရေးဌာနမှထုတ်ဝေသော တပ်မတော်ခေတ်ရေးစာစောင် အတွဲ (၁၂)၊ အမှတ် ( ၆ )၊ (၁၈-၇-၆၁) ခုနှစ်နှင့် ၁၉၆၁ ခု ဩဂုတ်လ (၈)ရက်နေ့ထုတ် အတွဲ (၁၂)၊ အမှတ် (၉)တို့တွင် မေယုခရိုင်၊ မောင်တော၊ဘူးသီးတောင်၊ ရသေ့တောင်အနောက်မြောက် မြို့နယ်များတွင် အများစုအားဖြင့် ရိုဟင်ဂျာများနေထိုင်ကြပြီး လူနည်းစုမှာ ရခိုင်၊ ဒိုင်းနက်၊ မြို၊ ခမီ စသော လူနည်းစုများစွာ ပါဝင်နေထိုင်ကြသည့် ခရိုင်ဒေသတစ်ခုဖြစ်ပါသည် ဟူ၍ဖော်ပြပါရှိသည်။

(၈) ယခင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်အောင်ကြီး၏ (၈-၇-၆၁)ခုနှစ် မူဂျာဟစ်များ အလင်းဝင် သောအခမ်းအနားတွင် ပြောကြားသောမိန့်ခွန်း၌ ''ကျွန်ုပ်တို့ ဒီခရိုင်မှာ နေထိုင်တဲ့လူတွေကို ရိုဟင်ဂျာ လို့ခေါ်ပါတယ်။ မေယုခရိုင်၏ အနောက်ဘက်တွင် ပါကစ္စတန်(ယခုဘင်္ဂလားဒေ့ရှ်)ရှိပြီး မွတ်ဆလင်များ နေကြပါတယ်။ အနောက်ဘက်မှာ နေသူများကို ပါကစ္စတန်ဟုခေါ်ပြီး၊ အရှေ့ဘက် မြန်မာပြည်မှာ ရှိသူများကိုရိုဟင်ဂျာလို့ခေါ်တယ်။ မြန်မာ၊ ပါကစ္စတန် နယ်စပ်တစ်ခုတည်းမှာသာ လူမျိုးတစ်မျိုး တိုင်းပြည်ခြား၍ နေကြသည်မဟုတ်၊ တရုတ်နှင့် ဆက်စပ်နေသော နယ်စပ်တွင် လည်း ဤသို့လူမျိုးချင်း ဆက်စပ်နေကြသည်။

ဥပမာ– ကချင်မှာ လီဆူး၊ အီကော၊ လဝ စသည့် လူမျိုးများ ရှိသလို တရုတ်ပြည်တွင်လည်း ၄င်းလူမျိုးများရှိသည်။ ထိုနည်းတူ မြန်မာပြည်တွင်းရှိ ရှမ်းလူမျိုးများရှိသလို တရုတ်ပြည်တွင်လည်း 'တိုင်'ဆိုသောရှမ်းလူမျိုးများရှိကြပါသည်။ မြန်မာပြည်တွင် မွန်၊ ကရင်၊ မလေးရှိသလို ယိုးဒယားဘက်တွင်လည်းထိုလူမျိုးများရှိကြ ပါသည်။ အိန္ဒိယ– မြန်မာနယ်စပ်တွင်လည်း ချင်း၊ လီရှော၊ နာဂလူမျိုးများ မြန်မာ နိုင်ငံထဲမှာရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှာလည်း ရှိကြသည်။ အဲဒီတော့ ဒီနေ့အချိန်ကစပြီးတော့ ကျွန်တော်ပွင့်ပွင့် လင်းလင်းပြောချင်တယ်။ မေယုခရိုင်ကို ပြည်ထောင်စုထဲမှာရှိတဲ့ လူနည်းစုတစ်စုလို့ပဲ သဘောထားမယ်။ အဲဒီတော့ အရင်တုန်းက ကျွန်တော်တို့ မှားခဲ့တာတွေတွေ့ရင် ခင်ဗျားတို့အားလုံးမေ့ကြ၊ ဒီအချိန်ကစပြီး ခင်ဗျားတို့ မေယုခရိုင် ကလူတွေဟာ တို့ဗမာ ပြည်ထောင်စုသား၊ တို့ဗမာပြည်ထောင်စုထဲက လူမျိုးစုတစ်စုလို့ သဘောထားကြပါ။ " စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းထားခဲ့ပါသည်။

(၉) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ ပညာရေးဝန်ကြီးဌာနမှ (၁၉၇၈) ခုနှစ်ထုတ် **မြန်မာနိုင်ငံ အထက်တန်း ပထဝီဝင်ဖတ်စာအုပ်၊ စာမျက်နှာ (၈၆)တွင်** တိုင်းရင်းသားလူမျိုးများ ပြန့်နှံ့နေထိုင်ကြပုံကိုပြရာမှာ ရခိုင်ပြည်မြောက်ပိုင်းဒေသကို **'ရိုဟင်ဂျာ'** များနေထိုင်ရာဒေသအဖြစ် ပြသထားပါသည်။

(၁၀) ရန်ကုန်တက္ကသိုလ်တွင် ရိုဟင်ဂျာကျောင်းသား၊ ကျောင်းသူများအသင်းအဖွဲ့လည်း ထူထောင်ခွင့် လျှောက်ထားခဲ့ရာ (၃–၁၂–၅၉)ရက်စွဲပါ မှတ်ပုံတင်အမှတ် ၁၁၂/၅၉ဖြင့်" This is to certify that Ranoon University Rohingya Student Association is one of the Registered Associations of the University of Rangoon for the Academic year 1959-1960 "ဟူ၍ မှတ်ပုံတင်ခွင့်ရရှိခဲ့သည်။

(၁၁) ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ရိုဟင်ဂျာရိုးရာယဉ်ကျေးမှုပြပွဲကို သိမ်ဖြူ အားကစား ပြိုင်ဝင်းအတွင်း ကျင်းပပေးခဲ့ရာ ရိုဟင်ဂျာယဉ်ကျေးမှုပြပွဲတစ်ခုဖြစ်သော "ကျင်" ပွဲကို ပြသခွင့်ရရှိခဲ့ပါသည်။

(၁၂) မြန်မာအသံ (၂၅)နှစ်မြောက် ငွေရတုသဘင်စာအုပ်အဖြစ် ၁၉၇၁–ခုနှစ်၊ ဖေဖော်ဝါရီလတွင် သောတရှင် မဂ္ဂဇင်း ကိုထုတ်ဝေခဲ့ရာ ထိုစာမျက်နှာ ၅၅ တွင် ၁၉၄၇ ခုနှစ်မှစ၍ တိုင်းရင်းသား ဘာသာစကားအဖြစ် စတင်အသံလွှင့် ခွင့်ပြုခဲ့သည့် ရက်စွဲများကိုဖော်ပြရာ၌ ၁၉၄၇ ခုနှစ်မှစ၍ တိုင်းရင်းသားစကားများဖြင့် စတင်အသံလွှင့်ခွင့်ပြုခဲ့သည့် ရက်စွဲများကို ဖော်ပြရာ၌ ၁၉၄၂ ခုနှစ်အဝိကရှမ်းနှင့် ကချင်ဘာသာ၊ ၁၉၄၉ ခုနှစ်က စကောကရင်နှင့် ပိုးကရင် ဘာသာ ၁၉၅၉ ခုနှစ်တွင် ချင်းဘာသာ၊ ၁၉၆၁ ခုနှစ် တွင် မွန်ဘာသာ၊ ပအို့(စ်)ဘာသာ၊ လားဟူးဘာသာ၊ "ရိုဟင်ဂျာ" ဘာသာနှင့် ကယားဘာသာ

တို့ အသံလွှင့်ခဲ့ကြောင်းဖော်ပြထားပါသည်။ (မွန်၊ပအို့(စ်)၊ လားဟူးနှင့် ရိုဟင်ဂျာဘာသာတို့ဖြင့် အသံလွှင့်ခွင့်ကို (၁၅–၅–၆၁)နေ့မှစ၍ ခွင့်ပြုခဲ့ပြီး (၁–၁၀–၆၅)နေ့တွင် ရပ်ဆိုင်းခဲ့ကြောင်းကိုလည်း လေ့လာတွေ့ ရှိရပါသည်။

(၁၃) ၁၉၆၀ ခုနှစ် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြပွဲကို အောင်ဆန်းအားကစားကွင်း၌ နိုင်ငံတော်ကပြုလုပ်ခဲ့ရာ ရိုဟင်ဂျာရိုးရာကျင်ပွဲ ခေါင်းစဉ်ဖြင့် တစ်ခမ်းတနားကျင်းပခွင့်ပြုခဲ့ပါသည်။

(၁၄) (၂၀–၁၁–၆၀)နေ့ထုတ် မြန်မာအလင်းသတင်းစာတွင် နယ်ခြားဒေသအုပ်ချုပ်ရေးရုံးမှ နယ်ခြားအုပ်ချုပ်ရေးအရာရှိ ရခိုင်တိုင်းမင်းကြီးနှင့် အဖွဲ့ဝင်များ မေယုနယ်ခြားခရိုင်သို့ ရောက်ရှိခဲ့ကြရာ ရိုဟင်ဂျာများမှ လှိုက်လှဲစွာ ကြိုဆိုကြကြောင်း သူရသတ္တိရှိသူများဖြစ်ကြောင်း ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားပြီး သစ္စာရှိကြသော စိတ်ဝင်စားဖွယ် ပြည်ထောင်စု၏ လူမျိုးတစ်မျိုးဖြစ်ကြောင်း ဖော်ပြခဲ့သည့်အပြင် မြန်မာ့အသံ (ရေဒီယိုအစီအစဉ်)မှလည်း ထိုအကြောင်းအရာအတိုင်း ထုတ်လွှင့်ခဲ့ဘူးပါသည်။

(၁၅) (၁၈–၇–၆၁)ရက်နေ့ထုတ် အတွဲ (၁၂) အမှတ်–၆ စာစောင်တွင် '' မေယုနယ်မှလေ ဘယ်လိုအခြေရှိပါလိမ့် '' ခေါင်းစဉ်ဖြင့် စာစောင်များတွင် ထည့်သွင်းထုတ်ဝေခဲ့ဘူးသည်။ ထိုဒေသလူများစု၏ အမည်များကို ရိုဟင်ဂျာဟုဖော်ပြထားသည့် စာစောင်များဖြစ်ပါသည်။

(၁၆) ကာကွယ်ရေးဝန်ကြီးဌာန ၊ ပညာရေးနှင့် စိတ်ဓါတ်ရေးရာ ညွှန်ကြားရေးမှူးရုံး ၁၉၆၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် တပ်မတော်ခေတ်ရေးစာစောင် ( ၂ ) စောင်အနက် (၈–၈–၆၁) နေ့ထုတ် အတွဲ (၁၂) အမှတ်–၉ စာစောင်တွင် ''ပျောက်ဆုံးနေသော ညီအစ်ကိုတစ်ဦးကို ရှာတွေ့သည့်ပမာနယ်'' ခေါင်းစဉ်ဖြင့် ဘူးသီးတောင်၊ မောင်တောတွင် ရိုဟင်ဂျာလူမျိုး( ၉၇ % )ရှိကြောင်းဖော်ပြပါရှိခဲ့ပါသည်။

(င) ခေတ်အဆက်ဆက်တွင် ရိုဟင်ဂျာလူမျိုးများကို အစိုးရအဆက်ဆက်က ရိုဟင်ဂျာတိုင်းရင်းသားများဟု ဖော်ပြပါရှိပြီး မည်သည့်အစိုးရ မည်သည့်လွှတ်တော်မျှ ရိုဟင်ဂျာလူမျိုးများကို တိုင်းရင်းသားမဟုတ်ကြောင်းမကြေငြာခဲ့သဖြင့် ရိုဟင်ဂျာလူမျိုးများသည် တိုင်းရင်းသားဖြစ်ကြောင်း ယနေ့ထိ တရားဝင်မှု (Legitimacy) ရှိနေပါသည်။

(စ) သို့ဖြစ်ပါ၍ ၁၉၈၂–ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ ရိုဟင်ဂျာလူမျိုးများကို နိုင်ငံသားကတ်ပေးပါက နိုင်ငံသားလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (ပန်းရောင်)သာပေးသင့်ပြီး၊ နိုင်ငံသားပြုစိစစ်ရေးကတ်ပြား

(အစိမ်းရောင်) နှင့် ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား (အပြာရောင်)တို့မှာ မပတ်သက်ကြောင်း သုံးသပ်တင်ပြလိုပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားပြုစိစစ်ရေးကတ်ပြားနှင့် ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံခြားသားများနှင့်သာသက်ဆိုင်ပါသည်။ ရိုဟင်ဂျာလူမျိုးများသည် နိုင်ငံခြားသားမဟုတ်သည့်အပြင် တိုင်းရင်းသားဖြစ်ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုသာ ထုတ်ပေးသင့်ကြောင်း ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

**ဦးအောင်ဇော်ဝင်း**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
မောင်တောမြို့နယ်မဲဆန္ဒနယ်၊ရခိုင်ပြည်နယ်

**ဦးရွှေမောင်**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ်၊ရခိုင်ပြည်နယ်